**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၄၇)**

**နေ့စွဲ – ၃. ၁၀. ၁၀**

## ဘုရားသခင်၏ကျေးဇူးတော်အကြောင်း(God's Grace)

ကျေးဇူးတော်ဆိုသည်မှာ အဘယ်မည်း? အစိုးရတော်မူသောကျေးဇူးတော် (သို့)ကယ်တင်သောကျေးဇူးတော် စသဖြင့် ပြောတတ်ကြပါသည်၊ သို့သော် မည်သည့်အဓိပ္ပါယ်ရှိပါသနည်း?

တချို့ကတော့ ဘာမှန်းမသိကြကြောင်း သိသာစွာတွေ့ရပါသည်။ ထိုသူတို့က "အများနှင့်ဆိုင်သောကျေးဇူးတော်"(Common Grace)ဟုပြောလျှက်၊ ဘုရားသခင်သည် လူတယောက်မကျန်ကို ကျေးဇူးတော်ထားရှိဟန် ပြောတတ်ကြပါသည်။ ထိုသို့သောသူများ "ကျေးဇူးတော်"၏အဓိပ္ပယ်စစ်စစ်ကိုသိလျှင် ကျေးဇူးတော်သည် လူတိုင်းအတွက်ဖြစ်သည်ဟု တွေးကြမည်မဟုတ်ပါ။ တချို့က ဘုရားသခင်သည် လူတယောက်မကျန်ကို မကယ်တင်လျှင်၊ အနည်းဆုံး အခွင့်အရေးမပေးလျှင် သူသည် ကျေးဇူးတော်ရှိသောဘုရားသခင်ဖြစ်နိုင်လိမ့်မည်မဟုတ်ပါဟု ဇောဒက တက်ချင်ကြပါသည်။ ကျေးဇူးတော်သည် ဘာဖြစ်ကြောင်း ထိုသူတို့သိခဲ့လျှင် ထိုသို့တွေးမည် မဟုတ်ပါ။

ကျေးဇူးတော်သည် ဘုရားသခင့်ဂုဏ်လက္ခဏာတခုဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသလား? ကျွန်တော်တို့ကို မဖန်ဆင်းခဲ့လျှင်လည်း၊ လူသားတယောက်မှ ကယ်တင်ခြင်း မခံရလျှင်လည်း ဘုရားသခင်သည် မိမိကိုယ်ကိုထံသို့ ကျေးဇူးတော်ထားရှိသောဘုရားသခင် ဖြစ်နေဦးမည်သာဖြစ်ကြောင်း သိကြပါသလား? ထိုသို့ တကယ်ဖြစ်ခဲ့လျှင်လည်း ကျေးဇူးတော်သည် ဘုရားသခင်၏ဂုဏ်လက္ခဏာတခု ဖြစ်နေမည်သာ၊ သူ၏လုပခြင်းများထဲမှ တခုဖြစ်နေမည်သာဖြစ်ပါသည်။ ကျွန်တော်တို့သည် သူ၏ကျေးဇူးတော်ကို လက်ခံရသောသူများ မဖြစ်ခဲ့လျှင်လည်း သူသည် ကျေးဇူးတော်ထားရှိသောဘုရား ဖြစ်နေဦးမည်ဖြစ်သည်။

ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်၏ဂုဏ်လက္ခဏာတခုဖြစ်ပါသည်ဟု ကျွန်တော်တို့ကပြောသောအခါ ထိုအချက်ကို ပြောနေကြခြင်းဖြစ်ပါသည်။ ကျေးဇူးတော်သည် ဘုရားသခင်က ကျွန်တော်တို့ကို ဆက်ဆံပုံ၌သာ ပေါ်ထွက်သောအရာမဟုတ်ပါ၊ သူဘယ်သူဖြစ်သနည်း?ဆိုသည်ကို ပြသောဂုဏ်လက္ခဏာဖြစ်ပါသည်။ ကျေးဇူးတော်မရှိလျှင် သူသည် အနန္တတန်ခိုးတော်ရှင်လည်း ဖြစ်နိုင်တော့မည်မဟုတ်ပါ။

ကျေးဇူးတော်ကို "မထိုက်တန်သောမျက်နှာသာပေးခြင်း"(undeserved favour)ဟု အနက်ဖွင့်လေ့ရှိကြပါသည်။ ထိုသို့ပြောခြင်း မမှားသော်လည်း ပြည့်စုံသောအဓိပ္ပါယ်တော့ မဟုတ်သေးပါ။ ထိုအနက်ဖွင့်ခြင်းက ကျွန်တော်တို့အတွက် ဘုရားသခင်၏ကျေးဇူးတော်သည် ဘာဖြစ်သနည်း?ဆိုသည်ကိုသာ ပြောပြပါသည်။ ဘုရားသခင်၏ကယ်တင်ခြင်းသည် အစိုးရတော်မူကြောင်း၊ လွတ်လပ်တော်မူကြောင်း အထူးပြုနေခြင်းမျှသာဖြစ်သည်။ လွတ်လပ်စွာ ကယ်တင်သည်ဆိုသည်မှာ ကယ်တင်ရန် တာဝန်မရှိသော်လည်း ကယ်တင်ချင်၍ကယ်တင်သည်ဟု ပြောခြင်းဖြစ်သည်။ သို့သော် ထိုအနက်ဖွင့်ခြင်းက ကျေးဇူးတော်ကို ဘုရားသခင့်ဂုဏ်လက္ခဏာ တခုအနေနှင့် ဘာဖြစ်ကြောင်း ပြောမပြပါ။

အနက်ဖွင့်လေ့ရှိသည့်ပုံစံနှင့် ဆက်ပြောရလျှင်၊ ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်၏မျက်နှာသာပေးခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ဂုဏ်လက္ခဏာတခုအဖြစ်နှင့်ကြည့်လျှင်၊ ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်၏ မိမိကိုယ်ကိုသို့ မျက်နှာသာပေးခြင်း ဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည်၊ ဘုရားသခင်က သူ့ကိုယ်သူ ချစ်တော်မူသည်ဟု ပြောခြင်းနှင့်အတူတူပြစ်ပါသည်။ အရာအားလုံးထက် ဘုရားသခင်သည် မိမိ၏ဘုန်းတော်ထင်ရှားဖို့ရန်သာ အလိုတော်ရှိပါသည်။ ထိုအကြောင်းကို ကျမ်းစာက ရှင်းလင်းစွာ သင်ပေးပါသည်။

ကျေးဇူးတော် ဆိုသောစကားလုံးသည် ချစ်ဖို့ကောင်းခြင်း (သို့) လှပခြင်းဟုလည်း အနက်ထွက်ပါသည်။ အထူးသဖြင့် တစုံတဦး၏ အတွင်းမနော၊ စိတ်သဘာထား ပြောဆိုပြုမူပုံ ချစ်စရာကောင်းခြင်း၊ လှပ

ခြင်းကိုလည်း ပြောပြပါသည်။ ထို့ကြောင့် ချစ်စရာကောင်းသောသူ၊ သဘောကျစရာကောင်းသောစကားဟု ပြောလေ့ရှိကြပါသည် (သုတ္တံ ၁၁း၁၆၊ ကော ၄း၆)။ သမ္မာကျမ်းစာကလည်း ဘုရားသခင်၏မျက်စိရှေ့တွင် ကျေးဇူးတော် (သို့) မျက်နှာသာပေးမှုကို ရှာတွေ့သူ(ရှေ့တော်မှောက်တွင်လှပသူ)ရှိကြောင်းပြောပြပါသည် (ကမ္ဘာ ၆း၈၊ လုကာ ၁း၃၀)။

ဘုရားသခင်သည် ကျေးဇူးတော်ထားသောဘုရားသခင်ဖြစ်သည်ဟု ပြောသည့်အခါ၊ မိမိ၏ဘုန်းအသရေများအားလုံးနှင့်အတူ သူသည် အရာအားလုံးထက် လှပတော်မူသည်၊ ချစ်စရာကောင်းတော်မူသည်၊ စိတ်နှလုံးတော်၏ သန့်ရှင်းခြင်းဘုန်းအသရေသည် သူ၏လုပ်ဆောင်မှုများ၊ ပြောတော်မူခြင်းများမှနေ၍ တောက်ပစွာ ပေါ်ထွက်နေပါသည်ဟု ပြောခြင်းဖြစ်ပါသည်။ သုံးပါးတဆူသောဘုရားသခင်အဖြစ်နှင့် ဘုရားသခင်သည် သူ့ကိုယ်သူ ချစ်တော်မူပါသည်၊ သူ၏လုပ်ဆောင်ခြင်းများအားလုံးကို အခြားအရာများထက် ချစ်တော်မူပါသည်၊ သူလုပ်ကိုင်သောအလုပ်များကို အခြားအရာများနှင့်တုနှိုင်း၍မရအောင် ချစ်စရာကောင်းသည်ဟု မှတ်တော်မူပါသည်။ ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်၏ဂုဏ်လက္ခဏာတခုဖြစ်သည်ဟု ပြောရာတွင် ထိုအချက်များကိုပြောခြင်းဖြစ်ပါသည်။

ကျေးဇူးတော်ထားရှိသောဘုရားသခင်ဖြစ်ဖို့ ကျွန်တော်တို့ကို မလိုအပ်ပါဟုသိရခြင်းသည် အလွန်နှိမ့်ချဖို့ ကောင်းလှပါသည်။ သူသည် မိမိကိုယ်ကို၌ ထာဝရ ကျေးဇူးတော်ထားရှိတော်မူပါသည်။ မည်သူ့ကိုမှ မကယ်တင်ခဲ့လျှင်လည်း ထိုသို့သာ ရှိနေတော်မူပါမည်။ သို့သော် ဘုရားသခင်က တကယ်ဘဲ ကယ်တင်ပါသည်၊ ၎င်းသည် အလွန်တရာမှ အံ့သြစရာကောင်းသောအပြုအမူဖြစ်သည်၊ ထို့အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုခြင်းကို ဘယ်သောအခါမှ ရပ်တန့်၍ရမည်မဟုတ်ပါ။

## ကျေးဇူးတော်နှင့်ကယ်တင်ခြင်းအကြောင်း(Grace and Salvation)

ကျေးဇူးတော်သည် ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုဖြစ်ကြောင်း တွေ့ခဲ့ကြပြီဖြစ်သည်။ ထပ်မံ၍ ကျွန်တော်တို့အားကယ်တင်တော်မူခြင်းတွင် ဘုရားသခင်သည် ကျေးဇူးတော်ကို ဖေါ်ပြတော်မူကြောင်းဆက်၍ပြောရန်ရှိပါသည်။

ကျေးဇူးတော်ဆိုသည်မှာ တစုံတဦး၏အတွင်းမနေောလှပခြင်း (သို့) တစုံတဦး၏ ဖြစ်တည်မှု၊ လုပ်ဆောင်မှုတို့မှနေ၍ တောက်ပစွာထွက်ပေါ်နေသည့် ထိုသူ၏ လှပချစ်စရာကောင်းမှု၊ ထိုအရာကို အခြားသူတို့ကကြည့်မြင်သောအခါ၊ မျက်နှာသာပေးခြင်းခံရမှု ဆိုသည့်အိုင်ဒီယာမှကြည့်လျှင်၊ ကျွန်တော်တို့ကို ကယ်တင်ခြင်းဖြင့် ဖွင့်ပြတော်မူသော ဘုရားသခင်၏ကျေးဇူးတော်ဆိုသည်မှာ သူကိုယ်တော်တိုင်က ကျွန်တော်တို့ထံသို့ ပေးတော်မူသော သူ၏လှပတော်မူခြင်းသာဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သူနှင့် တူလာပါသည်၊ ထိုသို့ဖြင့် သူ၏မျက်နှာသာပေးခြင်းကို ခံကြရပါသည်။ သူ၏ကယ်တင်ခံရခြင်းဖြင့် သူ့လူများက ရရှိလာကြသော၊ ဘုရားသခင်၏လှပတော်မူခြင်းသည်၊ ယုံကြည်သူတို့၏ အကျင့်စရိုက်၊ ပြောဆိုပြုမူခြင်းတို့တွင် ထင်ရှားစွာ ပေါ်ထွက်လာပါသည်။ လူတယောက်က ကျေးဇူးတော်ကိုရရှိသည်ဟု ပြောဆိုပြီး၊ ဘုရားသခင်၏လှပတော်မူခြင်းကို ရောင်ပြန်ဟပ်၍အသက်မရှင်ခြင်းမျိုးသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။

ကျေးဇူးတော်သည်လူတိုင်းနှင့်ဆိုင်ပါသည်(common grace)ဟုပြောခြင်းကို ငြင်းပယ်ရခြင်းတွင် ထိုအချက်သည် အချက်တချက်ဖြစ်ပါသည်။ လူဆိုးလူမိုက်များ၊ မယုံကြည်သူများသည် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို ရကြပါသည်၊ (သို့) ဘုရားသခင်၏လှပတော်မူခြင်းမှ အချို့ကို လက်ခံရရှိကြသည်ဟု တွေးခြင်းသည် မသတီစရာကောင်းလှပါသည်။ ထို့အပြင် ထိုကဲ့သို့ သူ၏လှပတော်မူခြင်းအချို့ကိုရကြသူများ၊ မိမိတွင်သာရှိတော်မူသည့် အရာအချို့ကို ရကြသူများကို ဘုရားသခင်က တရားစီရင်ကာ ငရဲထဲထည့်ပစ်မည်၊ ထာဝရအမှောင်ထုထဲချပစ်မည်ဟု ပြောခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။

ဘုရားသခင်၏ကယ်တင်တော်မူသောကျေးဇူးတော်၏ သဘာသဘာဝအချို့ကို ထပ်ပြောပါဦးမည်။ ထိုအချက်တို့ကလည်း ကျေးဇူးတော်သည် လူတိုင်းအတွက်မဟုတ်ပါဆိုသည်ကို ပြောနေကြပါသည်။

ပထမအနေနှင့် ကျေးဇူးတော်သည် ဘုရားသခင်၏ဂုဏ်လက္ခဏာတရပ် ဖြစ်ယုံမကပါ၊ ဘုရားသခင်ပေးသော လက်ဆောင်(gift)လည်းဖြစ်ပါသည်။ အထက်ကပြောခဲ့သည်များက ထိုအချက်ကို ရည်ညွှန်းကြ

သော်လည်း၊ တိတိကျကျ ထပ်ပြောရန်လိုပါသည်။ ကျမ်းစာက မကြာခဏ ဘုရားသခင်ပေးသောကျေးဇူးတော်ဟု ပြောတတ်ပါသည်(ဆာလံ ၈၄း၁၁၊ သုတ္တံ ၃း၃၄၊ ယာကုပ် ၄း၆၊ ၁ပေ ၅း၅)။ ကျေးဇူးတော်သည် ဘုရားသခင်က ပေးသောလက်ဆောင်ဟုပြောသည့်အခါ၊ ပေးဖို့ရန် တာဝန်မရှိဘဲ၊ လွတ်လပ်စွာပေးချင်၍ပေးတော်မူခြင်းကို အထူးပြုချင်၍ဖြစ်သည်၊ ကျေးဇူးတော်ကိုရဖို့ ကျွန်တော်တို့၏မထိုက်တန်မှုကို အထူးပြုချင်၍ ဖြစ်သည်။ သို့သော် ဘုရားသခင်က ကျမ်းစာထဲတွင်ပြောနေသဖြင့် တကယ့်ကို ပေးတော်မူကြောင်း မမေ့ရပါ။ ပေးချင်သောစိတ်သဘောထား ရှိသည်ဆိုယုံကလေး ပြောနေခြင်းမဟုတ်ပါ။

ဒုတိယအနေနှင့် ကျေးဇူးတော်သည် တန်ခိုးစွမ်းအားဖြစ်သည်။ ဘုရားသခင်၏အတွေးများ၊ ဂုဏ်လက္ခဏာများ၊ စကားတော်များသည် ကျွန်တော်တို့၏အတွေးများ၊ လက္ခဏာများ၊ စကားများကဲ့သို့ စွမ်းအားမဲ့မဟုတ်ကြပါ။ အနန္တတန်ခိုးတော်ရှင်၏ တန်ခိုးစွမ်းအားများ အပြည့်အဝရှိနေကြပါသည်။ ထို့အတွက်ကြောင့် ဘုရားသခင်သည် လူတိုင်းအပေါ် ကျေးဇူးတော် မထားရှိခြင်းဖြစ်ပါသည်။ သူ၏ကျေးဇူးတော်သည် အချည်းအနှီးမဲ့ ဖြစ်မသွားနိုင်ပါ။ မကယ်တင်၊ မကယ်လွှတ်နိုင်လောက်အောင် တန်ခိုးစွမ်းအား မဲ့မသွားနိုင်ပါ။ ကျဆုံးသွားခြင်းမျိုးလဲ မဖြစ်နိုင်ပါ။ ထိုသို့ဖြစ်သွားနိုင်လောက်ပါသည်ဟု တွေးခြင်းသည် ဘုရားသခင်အား ဘုရားသခင်မဟုတ်ပါဟု ငြင်းဆိုခြင်းသာဖြစ်ပါသည်။

တတိယအနေနှင့်၊ ကျေးဇူးတော်သည် ကယ်တင်ခြင်းကိုရစေပါသည်။ ကျမ်းစာက အခြားသောကျေးဇူးတော်ပုံစံမျိုးကို ဘယ်တော့မှသင်မပေးပါ။ ရွေးကောက်ခြင်းသည် တချို့သောသူများအတွက်သာဖြစ်သကဲ့သို့၊ အပြစ်ကြေအေးစေခြင်းသည်လည်း အချို့သောသူတို့အတွက်သာဖြစ်သကဲ့သို့၊ ကျေးဇူးတော်ကိုလည်း ထာဝရကာလကပင် အချို့သောသူတို့ထံ ကယ်တင်ခြင်းရစေလျှက် ပြတော်မူဖို့ရန် ဆုံးဖြတ်ထားပါသည်။

ဘုရားသခင်၏ရှေ့တော်မှောက်တွင် ကျွန်တော်တို့ ကျေးဇူးတော်ကို ခံရကြခြင်းသည် အံ့သြစရာကောင်းလွန်းပါသည်၊ အထူးသဖြင့် ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်က ကျွန်တော်တို့ကိုချစ်စရာကောင်းသူများ၊ လှပသူများအဖြစ် တွေ့မြင်တော်မူခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်နိုင်ရသည့် တခုတည်းသော အကြောင်းအရာမှာ ဘုရားသခင်က ကျွန်တော်တို့ကို ခရစ်တော်ထဲ၌ တွေ့မြင်တော်မူခြင်းဖြစ်ပါသည်၊ ခရစ်တော်၏လုပ်ဆောင်ပေးမှုများမှတဆင့် တွေ့မြင်တော်မူ၍ဖြစ်ပါသည်။ သခင်ခရစ်တော်သည် ဘုရားသခင်၏တပါးတည်းသောသားအဖြစ်နှင့် အလွန်လှပါသည်။ သူ၏ပြည့်ဝစွာအလိုတော်ကို နာခံခြင်း၊ ဘုရားသခင်ထံသို့သာ မိမိကိုယ်ကို အပ်နှံထားခြင်း စသည်တို့ဖြင့် လှပခြင်း၏အထောင်အသောင်းတို့သည် သူ့ထံ၌ရှိနေကြပါသည်။ သူ့အားဖြင့်သာလျှင် ကျွန်တော်တို့သည် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို တွေ့နိုင်ကြပါသည်။

## ဘုရားသခင်၏သနားခြင်းဂရုဏာအကြောင်း(God's Mercy)

ဘုရားသခင်၏သနားခြင်းဂရုဏာအကြောင်းတွေးသည့်အခါ၊ ကျွန်တော်တို့နှင့်ဆက်စပ်၍သာ တွေးလေ့ရှိကြပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသနားခြင်းဂရုဏာကို ကျွန်တော်တို့ကသာ လိုအပ်၍ဖြစ်ပါသည်။ အထူးသဖြင့် သနားတော်မူခြင်းမှနေ၍ တွေးတတ်ကြပါသည်။ ဘုရားသခင်က ကျွန်တော်တို့ကို သနားတော်မူ၍ ကျွန်တော်တို့ကို ဘဝ၏သနားစရာဝမ်းနည်းစရာတို့မှ၄င်း၊ ကျွန်တော်တို့၏အပြစ်ဒုစရိုက်များ၌ ဒုက္ခဆင်းရဲခြင်း ဖြစ်နေကြရသောအဖြစ်မှ၄င်း ကယ်လွှတ်သောအခါ၊ သူသည် ကျွန်တော်တို့အပေါ် ဂရုဏာထားသော ဘုရားသခင်ဖြစ်ကြောင်း သိနိုင်ပါသည် (သုတ္တံ ၁၆း၆)။

ထိုသို့ကယ်လွှတ်ခြင်းတွင် သနားခြင်းမကသောအကြောင်းအရာများရှိနေပါသည်။ ကျွန်တော်တို့မမေ့ရမည့်အကြောင်းမှာ၊ သနားခြင်းဂရုဏာသည် ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုဖြစ်သည် ဆိုသည့်အချက်ကိုဖြစ်ပါသည်။ သူ၏ဖြစ်တည်မှုကို ထူးခြားစေသောလက္ခဏာ၊ ဘုရားသခင်သည် ထိုဂရုဏာဆိုသောအရာမပါဘဲ ဘယ်တော့မှ မရှိဘူးပါဆိုသည်ကို သိထားရပါမည်။ ထိုသို့ပြောသောကြောင့် ဘုရားသခင်သည် ကျွန်တော်တို့မရှိဘဲနှင့်လည်း ဂရုဏာထားတော်မူသောဘုရားသခင် အမြဲဖြစ်နေပါမည်ဆိုသည်ကို သိနိုင်ပါသည်။ လူသားတယောက်မကျန် ကယ်တင်ခြင်းမရဘဲ၊ ထာဝရပျောက်ဆုံးသွားကြလျှင်လည်း သူသည် ဂရုဏာထားတော်မူသောဘုရားသခင် ဖြစ်မြဲဖြစ်နေပါမည်။ မည်သူ့ကိုမှ သူ၏ဂရုဏာတော်ကို မပြလျှင်လဲ သူသည် ဂရု

ဏာထားသောဘုရားသခင် ဖြစ်နေပါမည်။ သူသည် မိမိကိုယ်ကိုမိမိ၌ ဂရုဏာထားရှိသူဖြစ်တော်မူသည် (လုကာ ၆း၃၆)။

ထိုအချက်တို့က ဘုရားသခင်က လူအားလုံးကို မကယ်တင်လျှင် သူသည် ဂရုဏာထားသော၊ ချစ်ခြင်းရှိသော၊ ကျင်နာသော၊ ကျေးဇူးတော်ထားသောဘုရား ဖြစ်နိုင်မည်မဟုတ်ဟု ပြောကြသူတို့သည် မည်မျှမှားကြောင်း ပြောပြနေပါသည်။ ဂရုဏာထားတော်မူသောဘုရားဖြစ်ဖို့ သူသည် မည်သူ့ကိုမှ ကယ်တင်ဖို့မလိုအပ်ပါ။ ဂရုဏာတော်ဘုရားဖြစ်ဖို့ မည်သည့်ဖန်ဆင်းခံကိုမှ မလိုအပ်ပါ (ဖေက် ၂း၄)။ သူသည် လွတ်လပ်တော်မူသော၊ မိမိကိုယ်ကို၌ ပြည့်စုံနေသော၊ လိုအပ်ချက်ဘာမှမရှိသော ဘုရားစင်စစ်ဖြစ်တော်မူပါသည်။

ဘုရားသခင်၏ဂုဏ်လက္ခဏာတခုအနေနှင့် ဂရုဏာတော်ဆိုသည်မှာ အဘယ်နည်း? ထိုမေးခွန်းကို ဖြေဖို့ သိပြုစရာအချက်များရှိပါသည်။

ကျွန်တော်တို့ လူသားများအတွက်ပင် သနားခြင်းဆိုသည်မှာ တစုံတဦးကို ကယ်ချင်သော အလိုဆန္ဒ ထက်ပိုသော စိတ်သဘောထားတခုဖြစ်ပါသည်။ ဂရုဏာစိတ်ဆိုသည်မှာ တစုံတယောက် ပျော်ရွှင်နေခြင်း၊ ကောင်းချီးခံစားရခြင်းတို့ကို တွေ့မြင်ချင်သောစိတ်ဆန္ဒတခုဖြစ်ပါသည်။ သနားခြင်းဆိုသည်မှာ လူတယောက် ဒုက္ခခံစားလျှက်နေခြင်းအပေါ် ထားရှိသော စိတ်ခံစားချက်ဖြစ်သည်၊ ထိုဒုက္ခခံစားနေရခြင်းမှ ကယ်ချင်သော စိတ်သည် ဒုတိယနေရာမှ ပေါ်လာသောစိတ်သဘာထားဖြစ်သည်။ ထိုအချက်က ဘုရားသခင်၏သနားခြင်း ဂရုဏာကို နားလည်ဖို့ရန် အကူအညီပေးပါသည်။ ပထမအနေနှင့် ဘုရားသခင်သည် အရာခပ်သိမ်းတို့ထက် မိမိကိုယ်ကိုတွင် ကောင်းချီးမင်္ဂလာကို ခံစားရခြင်းအဖြစ်တော်၌ ထာဝရရှိချင်တော်မူသည်။ သူသည် ဒုက္ခအခက်အခဲထဲ ပျက်သုန်းသွားမည့်သူမဟုတ်၊ (သို့) လိုအပ်မှုရှိသူလည်းမဟုတ်၊ ထို့ကြောင့် သူသည် ဘယ်တော့မှအသနားခံပုဂ္ဂိုလ်မဟုတ်၊ သို့သော် သူသည် မိမိ၏ထာဝရကောင်းချီးခံရတော်မူသောအဖြစ်၊ ဘုန်းအသရေနှင့်ပြည့်ဝတော်မူခြင်းအဖြစ်တော်ကို ခံစားတော်မူရန်အလိုဆန္ဒရှိသည်။ ထိုအချက်သည် သနားခြင်းဂရုဏာကို သူ၏ဂုဏ်လက္ခဏာတရပ်အနေနှင့် နားလည်ရခြင်းဖြစ်သည် (ထွက် ၃၄း၆)။

ဘုရားသခင်က ကျွန်တော်တို့ထံ သူ၏သနားခြင်းဂရုဏာတော်ကို ပြဖို့ရန် ဆုံးဖြတ်တော်မူသောအခါမှသာ သူသည် ကျွန်တော်တို့ကို ကယ်တင်ရန်ဆန္ဒ၊ ကောင်းချီးပေးရန်ဆန္ဒ ရှိတော်မူခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အပြစ်ကြောင့် ပျောက်ဆုံးနေကြလျှက်၊ သေခြင်းထဲပျက်သုန်းကြရမည့်သူများ ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ သူ၏သနားတော်မူခြင်းကို ခံယူရန် လိုအပ်သောသူများဖြစ်ကြပါသည် (ယာကုပ် ၅း၁၁)။ ထိုကောင်းချီးပေးချင်သည့်ဆန္ဒတော်ထဲတွင် သနားခြင်း၊ ကျင်နာခြင်းတို့ ပါနေပါသည်။ ထိုသို့ ကျွန်တော်တို့ထံ၌ သူ၏သနားခြင်းဂရုဏာကို ပြနေသည်မှန်သော်လည်း၊ ထိုသို့ပြသခြင်း၏ အဆုံးသတ်ရည်ရွယ်ချက်သည် မိမိ၏နာမတော်နှင့်ဘုန်းအသေရေတော်ကို ထင်ရှားစေချင်၍ဖြစ်ပါသည်။ ထို့ကြောင့် သူသည် သူ၏ဂရုဏာထဲ၌ ကျွန်တော်တို့ကို ကယ်တင်ယုံသာမကပါ၊ သူနှင့်အတူ ထာဝရအသက်ကို ခံစားပျော်ရွှင်စွာနေထိုင်နိုင်ကြရန် ကျွန်တော်တို့ကို အဆင့်မြှင့်တော်မူပါသည်။

ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုအနေနှင့် ဂရုဏာတော်တွင် တန်ခိုးရှိပါသည်။ တချို့တို့ကတွေးသလို၊ ဘာမှအစွမ်းသတ္တိမရှိသော ဘုရားသခင်၏ခံစားချက်တခုမျှသာမကပါ။ လူတိုင်းအပေါ် ဂရုဏာတော့ထားပြီး၊ အဆုံးသတ်တွင် ဘာမှမလုပ်နိုင်သောဘုရားသခင် မဟုတ်ပါ။ လူတိုင်းအပေါ် ဂရုဏာထားပြီး အဆုံးသတ်တွင် မကယ်ချင်တော့သူ မဟုတ်ပါ။ ဘုရားသခင်၏ အခြားသောဂုဏ်လက္ခဏာများကဲ့သို့ပင်၊ ဂရုဏာတော်သည်လည်း အစိုးရတော်မူသည်၊ အနန္တတန်ခိုးနှင့်ပြည့်ဝသည်၊ မပြောင်းလဲ၊ ထာဝရဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်က ဂရုဏာကိုပြတော်မူလျှင် ဘယ်တော့မှ မဆုံးရှုံးပါ။ တကယ်ပင် အချို့သောလူသားများထံပြလျှက် အဆုံးထိ ကယ်တင်တော်မူပါသည် (ဖေက် ၂း၄၊ ၅၊ တိတု ၃း၅၊ ၁ပေ ၁း၃)။ ဘုရားသခင်၏ ဂရုဏာတော်သည် ဘယ်တော့မှ ဟောင်းလောင်းကြီး၊ တကယ်ဖြစ်မလာသော ခံစားချက်တခု မဖြစ်နိုင်ပါ။ သူ သနားသောသူတယောက်ကို အဆုံးတွင် ဘယ်တော့မှ ငရဲသို့ မရောက်စေပါ။ အဘယ်ကြောင့်ဆိုသော် ဤဂရုဏာတော်သည် ဘုရားသခင်ကိုယ်တော်တိုင်၏ ဂရုဏာတော်၊ အနန္တတန်ခိုးရှင်၏ ဂုဏ်လက္ခဏာတခု ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် ဂရုဏာတော်သည် လူတိုင်းအတွက်မဟုတ်ပါ၊ ရွေးကောက်ခြင်းခံရသူတို့အတွက်သာ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘုရားသခင်က ကျွန်တော်တို့ထံ သူ၏ဂရုဏာတော်ကို ပြတော်မူသောကြောင့် ပြောမပြနိုင်လောက်အောင် ကျေးဇူးတော်ချီးမွမ်းကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဂရုဏာတော်ကို ခံထိုက်သူများမဟုတ်ကြပါ။ ထို့အပြင် လူတိုင်းကိုလည်း ပြတော်မမူပါ။ ထိုသို့မထိုက်သူများကို ဂရုဏာတော် ပြတော်မူခြင်းသည် မယုံနိုင်စရာ ကောင်းလွန်းလှပါသည်။ ထိုသို့ဖြစ်သော်လည်း သူ၏လူများသည် ဂရုဏာတော်ကို ပြင်းထန်စွာ ခံစားကြရပါသည်။
(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၈)

၃း၁-၆

၁ – သာဒိမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေး၍မှာလိုက်လော့။ ဘုရားသခင်၏
ဝိညာဉ်ခုနှစ်ပါးနှင့် ကြယ်ခုနှစ်လုံးရှိသော သူ၏အမိန့်တော်ကား၊ သင်၏အကျင့်ကို ငါသိ၏။ သင်သည်
အသက်ရှင်ဟန်ရှိသော်လည်း သေလျှက်နေသည်ကိုငါသိ၏။ ၂ – မအိပ်ဘဲ စောင့်၍နေလော့။ ကျန်ရစ်၍
သေလုသောအရာတို့ကို ပြုစုလော့။ သင်၏အကျင့်သည် ငါ၏ဘုရားသခင်ရှေ့၌ မစုံမလင်ရှိသည်ကို ငါ
တွေ့ပြီ။ ၃ – ထို့ကြောင့် သင်သည် ခံယူ၍ နားထောင်ပြီးသည်(ကြားသည့်)အရာကို အောက်မေ့၍
စောင့်ရှောက် လော့။ နောင်တရလော့။ စောင့်(ကြည့်)၍မနေလျှင် သူခိုးကဲ့သို့ သင်ရှိရာသို့ငါလာမည်။
လာမည့်အချိန်နာရီကိုလည်း သင်မသိရ။ ၄ – သို့သော်လည်း သာဒိမြို့၌ ပင် သင်တို့တွင် ကိုယ်အဝတ်ကို
မညစ်ညူးစေသောသူ (အမည်)အနည်းငယ် ရှိသေး၏။ ထိုသူတို့သည် ထိုက်တန်သောသူဖြစ်၍ အဖြူ
ဝတ်လျှက် ငါနှင့်အတူ သွားလာကြလိမ့် မည်။ ၅ – အောင်မြင်သောသူသည် ဖြူသောအဝတ်ကို
ဝတ်ဆင်လိမ့်မည်။ ထိုသူ၏နာမည်ကို အသက်စာစောင်(စာအုပ်)မှ ငါသည် အလျှင်းမချေ။
ငါ့ခမည်းတော်ရှေ့၌၄င်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌၄င်း သူ၏နာမကို ငါဝန် ခံမည်။ ၆ –
ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို နားရှိသောသူမည်သည် ကား
ကြားပါစေ။

၁။ သာဒိမြို့သည် မြေသြဇာကောင်းသောမြေပြန့်လွင်ပြင်တွင်၊ သွားတိရမြို့၏တောင်ဖက်၊ ဖေက်မြို့၏အရှေ့ဖက်၌ တည်ရှိသောမြို့တော်တခုဖြစ်သည်။ ထိုမြို့သည် ၎င်း၏ကြွယ်ဝခြင်း၊ စည်းစိမ်ပေါ်များခြင်းတို့ဖြင့် နာမည်ကျော်ကြားသော မြို့တမြို့ဖြစ်သည်။ ထိုအချက်က သာဒိမြို့ရှိ အသင်းတော်၏အခြေအနေကို အကျိုးသက်ရောက်ပါသည်။
သင်ခရစ်တော်က ဤနေရာတွင် သူ့ကိုယ်သူ ဘုရားသခင်၏ဝိညာဉ်ခုနှစ်ပါးကိုရရှိသူဟု ဖေါ်ပြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို အသင်းတော်၌နေတော်မူသော သခင်ခရစ်တော်၏ဝိညာဉ်တော်အဖြစ်နှင့်ပြောခြင်းဖြစ်သည်။ အသင်းတော်၏အသက်ရှင်မှုကို လုပ်ဆောင်ပေးသူ (သို့) ဖြစ်လာစေသူ ဖြစ်ပါသည်။
ကြယ်ခုနှစ်လုံးရှိသောသူ ဆိုသည်မှာ၊ အသင်းတော်၏သင်းအုပ်များအားလုံးကို ချုပ်ကိုင်သူဟု ဆိုလိုပါသည်။ ထိုသို့ မိမိကိုယ်မိမိ ဖေါ်ပြတော်မူခြင်းသည်၊ သာဒိအသင်းတော်၏ သေနေသောအဖြစ်အတွက် ဖြစ်သည်။ တရားစီရင်ခြင်း ရောက်လာတော့မည်ဟု ပြောနေခြင်းဖြစ်သည်။

၂။ အသင်းတော်၏အခြေအနေမှာ အတော်လေးမကောင်းကြောင်းတွေ့ရပါသည်။ "သင်သည် အသက်ရှင်ဟန်ရှိသော်လည်း သေလျှက်နေသည်ကို ငါသိ၏" ဆိုလိုသည်မှာ အသင်းတော်၏ ဝိညာဉ်ရေးအခြေအနေသည် အားလုံးတော့ မသေသေးပါ၊ ထိုသို့သာ သေကြပြီဆိုလျှင် နောင်တရပါပဲဟု သခင်ခရစ်တော်က ပြော

တော့မည်မဟုတ်တော့ပါ။ အချို့သောအသင်းသားများသည် ယဲ့ယဲ့ကလေး ရှင်နေကြပါသေးသည်။ သို့သော် အသင်းတော်တခုလုံးကို ယေဘုယျခြုံကြည်လျှင် ဝိညာဉ်ရေးအရ ထိုင်းမှိုင်းနေကြပြီဖြစ်သည်။ ကျန်းမာသော ဝိညာဉ်ရေးရာ လှုပ်ရှားအသက်ရှင်မှုမျိုးကို မတွေ့ရတော့သလောက်ဖြစ်နေပြီဖြစ်သည်။
ထိုသို့ဖြစ်ခြင်းသည် သင်းအုပ်အပါအဝင် အားလုံးလောက်နီးပါးဖြစ်သည်။ ထိုသင်းအုပ်က သူ့ကိုယ်သူ "ရှင်သန်ခြင်း"ဟု အမည်ပေးသော်လည်း၊ သခင်ယေရှုက "သေလျှက်နေသည်"ဟုပြောလိုက်ပါသည်။ စိတ်အားထက်သန်မှု မရှိတော့ပါ။ သူ့တာဝန်အပေါ် သစ္စာမရှိတော့ပါ။ သူသည် "တရားဟောဆရာအသေ"ဖြစ်နေပြီ။ အသင်းတော်လည်း သူတို့ဆရာလိုဖြစ်နေပြီ။ မိမိကိုယ်ကို "ရှင်သန်သောအသင်းတော်"ဟု ပြောနေသော်လည်း ရှင်သန်မှုတခုမှမတွေ့ရ၊ သေပြီဖြစ်သည်။ ဤကမ္ဘာကြီးက ဝါးမြိုလိုက်ပြီဖြစ်သည်။ ထိုအချက်ကို ပို၍ သေချာရန် "သင်၏အကျင့်သည် ငါ၏ဘုရားသခင်ရှေ့၌ မစုံမလင်ရှိသည်ကို ငါ တွေ့ပြီ"ဟု ထပ်ပြောပါသည်။ ဆိုလိုသည် မှာ အသင်းတော်၏အသက်ရှင်ပုံတခုလုံးသည် အပြစ်နှင့်စွန်းထင်းနေပြီဟု ပြောနေခြင်းဖြစ်သည်။ အသင်း တော်သည် သခင်ခရစ်တော်၏အမှုတော်ကို ထမ်းဆောင်ခြင်း မလုပ်တော့ပါ၊ နှုတ်ကပတ်တော်ဟောကြား ခြင်း၊ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်း၊ ခံယူဝန်ခံချက်ပြုခြင်း၊ ချစ်ခြင်းမေတ္တာဖြင့် တဦးကိုတဦးကူညီခြင်း၊ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်း စသည်တို့ကို ဆောင်ရွက်ဖို့ ဆန္ဒမရှိတော့ပါ။
ထို့အပြင် အသင်းသားအများစုက ၎င်းတို့၏"အဝတ်"ကို ညစ်ပတ်စေကြပြီးဖြစ်သည်။ "အဝတ်"ဆိုသည်မှာ အသင်းသားတယောက်ဖြစ်လာဖို့ အပြင်ပန်းမှ လက်ခံရရှိခြင်းအားလုံးကိုဆိုလိုပါသည်၊ ၎င်းတို့မှာ ဗတ္တိဇံခံယူခြင်း၊ ညစာပွဲတော်မင်္ဂလာပါဝင်ခြင်း၊ ဝန်ခံချက်ပြုလုပ်ခြင်း စသည်တို့ဖြစ်ပါသည်။ သခင်ခရစ်တော်၏ "ယူနီဖေါင်း"ဟုခေါ်ရပါမည်။ ထို"အဝတ်"ကို ညစ်ပတ်စေခြင်းဆိုသည်မှာ ကမ္ဘာလောကကြီးနှင့် သူငယ်ချင်း မိတ်ဆွေဖွဲ့ခြင်းဖြစ်ပါသည်။ လောကသားတို့အသက်ရှင်သကဲ့သို့ အပြစ်ထဲတွင် အသက်ရှင်ခြင်းဖြစ်ပါသည်။ အသင်းတော်သည် သေခါနီးပြီဟုပြောခြင်းမှာ ရှင်သန်ခြင်း၏မီးတောက် ငြိမ်းတော့မည်ဟုဆိုလိုခြင်းဖြစ်သည်။

၃။ အသင်းတော်တခုလုံးကို ဆုံးမလျှက် တရားစီရင်မည်ဟု ပြောနေခြင်းဖြစ်သော်လည်း၊ အထူးသဖြင့် သင်းအုပ်၊ အသင်းလူကြီးများကို အဓိက ဆုံးမသည်ကိုတွေ့ရပါသည်။ သတိနှင့်စောင့်ကြည့်ကြပါ။ အသင်းတော် တခုလုံး အိပ်ပျော်တော့မည်။ သူတို့ကို နိူးရမည်။ ရန်သူတို့ကို စောင့်ကြည့်ရမည်။ ထိုတာဝန်များအားလုံးသည် သင်းအုပ်နှင့်အသင်းလူကြီးများအပေါ် ကျရောက်ပါသည်။
"ကျန်ရစ်၍ သေလုသောအရာတို့ကို ပြုစုလော့"ဆိုသည်မှာ အသင်းတော်တွင်း ကျန်နေသေးသော သစ္စာရှိသည့်အ သင်းသူသားအနည်းငယ်ကို ရည်ညွှန်းပါသည်။ ထိုအနည်းငယ်တို့ကို အားပေးရမည်၊ နှိုးစော်ရမည်၊ထောက်ပံ့ ရပါမည်။ "အောက်မေ့၍ စောင့်ရှောက် လော့၊ နောင်တရလော့"ဆိုသည်မှာ ဖေက်အသင်းတော်ကဲ့သို့ပင် သာဒိအသင်း တော်သည်၊ ဧဝံဂေလိတရားကို လက်ခံစ၊ ဆန္ဒပြင်းပြစွာ လုပ်ဆောင်အသက်ရှင်ခဲ့သည့် ယွှင်အချိန်များကို သတိပြန်ရရမည်၊ အမှန်တရားကို ခိုင်မာစွာ ဆွဲကိုင်ရမည်။ ထိုသို့မဟုတ်ဘဲ တော်ရိရော်ရိနေထိုင်သော မျက် မှောက်ချိန်အတွက် နောင်တရရမည်။
သို့မဟုတ် တရားစီရင်ခြင်းရောက်လာမည်။ သခင်ယေရှု သူခိုးကဲ့သို့လာလျှက် အသင်းတော်၏အလင်း (ကြယ်)နှင့် အသက်ရှင်မှု(ဝိညာဉ်ခုနှစ်ပါး)ကို ရုပ်သိမ်းမည်ဖြစ်သည်။ "သူခိုးကဲ့သို့"ဆိုသည်မှာ သတိမထားမိလိုက်ချိန်တွင်ဟုဆိုလိုပါသည်။ အသင်းတော်သေဆုံးသွားခြင်းကို သူတို့ပင် မသိလိုက်ဘဲဖြစ်ပါမည်။

၄။ ကတိတော်မှာ "သစ္စာရှိသောသူတို့"(မိမိအဝတ်ကို မညစ်ပတ်စေသူများ)အား စင်ကြယ်သောအဝတ်ဖြူကို ဝတ်ခိုင်းမည်။ အဖြူရောင်က ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ အောင်မြင်ခြင်းတို့ကို ပုံဆောင်ပါသည်။ ထို့ကြောင့် သခင်ခရစ်တော်နှင့် ကောင်းကင်ဘုံတွင် အတူတကွ မိတ်ဆွေဖွဲ့၍နေထိုင်ခြင်းကို ပြောနေခြင်းဖြစ်သည်။ သူတို့၏အမည်များကို အသက်စာစောင်ထဲမှ ဘယ်တော့မှ ဖျက်မပစ်ပါ၊ အသက်စာစောင်က ထာဝရအသက်ရရန် ရွေးကောက်တော်မူခြင်းကို ပုံဆောင်ပါသည်။ "ငါ့ခမည်းတော်ရှေ့၌၎င်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌ ၎င်း သူ၏နာမကို ငါဝန်ခံမည်"ဆိုသည်မှာ သခင်ခရစ်တော်က

**သူတို့အတွက် သူအသေခံသည်၊ သေခြင်းမှထ မြောက်သည်၊ သူပိုင်သောသူ့လူများဖြစ်သည်၊ ဘုရားသခင်နှင့်အတူ သူတို့ကို အမြဲနေထိုင်စေချင်သည်ဟု ခမည်းတော်ရှေ့ လူအများရှေ့တွင် သက်သေပေးမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။**